# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

# NATIONAL COUNCIL OF THE UNION OF BURMA

## မျက်မှောက်အခြေအနေနှင့်ပတ်သက်၍ ဗမာ့တပ်မတော် တပ်မှူး၊ တပ်သားအားလုံးသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (**NCUB**) ၏ ပန်ကြားချက်

၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်။

ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားအပေါင်းတို့ –

၁။ ၁၉၆၂ မှစ၍ မြန်မာပြည်အတွင်း စစ်အာဏာရှင်ကြီးစိုးမှုဖြစ်တည်လာခဲ့၍ ပြည်တွင်းစစ်မီးပိုမိုတောက်လောင်လာခဲ့ရုံမက တိုင်းပြည်မွဲပြတ်ကျခဲ့ပြီး ၁၉၈၇ ခုနှစ်ကစ၍ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့ ကျရောက်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်ပေါ်ခဲ့ရသည်။

၂။ ၁၉၈၈ စက်တင်ဘာလ (၁၈) ရက် ထပ်ဆင့်အာဏာသိမ်းခဲ့ပြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးမည်ဟု စစ်အုပ်စုက ကတိပေးခဲ့သည်။ သို့ရာတွင် ၁၉၉၀ ခုနှစ် မေလရွေးကောက်ပွဲတွင် ပြည်သူတရပ်လုံး၏မဲ၊ ဗမာ့ တပ်မတော်မှ တပ်မှူး၊ တပ်သားများ၏မဲနှင့်အနိုင်ရရှိခဲ့သည့် **NLD** နှင့်အခြားလူမျိုးစုပါတီအဖွဲ့အစည်းများကို အာဏာလွှဲအပ်မပေးရုံမက လွှတ်တော်အစည်းအဝေးပင် ခေါ်ယူခွင့်မပေးခဲ့ချေ။ ပို၍ဆိုးဝါးသည့်ကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးထားခြင်း၊ မေလရွေးကောက်ပွဲ၏ရလဒ်ကို ဖျက်ဆီးပစ်ရန် အမျိုးသားညီလာခံကို သူ့သဘောနှင့်သူလုပ်နေခြင်းဖြစ်သည်။

၃။ ယခုအခါ မြန်မာပြည်သည် စစ်အုပ်စုနှင့်၎င်းတို့၏လက်ဝေခံတစုမှလွဲ၍ လူမျိုးစုံပြည်သူများ ဝေါ်ပြတ်နေကြရပြီ ဖြစ်သည်။ ရဟန်းသံဃာများပင် ဆွမ်း၊ ကွမ်းကိစ္စခက်ခဲကြပ်တည်းနေကြပြီဖြစ်သည်။ ပြည်သူအများဒုက္ခသည်များဘဝသို့ ကျရောက်နေကြရပြီဖြစ်သည်။ နိုင်ငံ၏အမျိုးကောင်းသားသမီးများ ဆင်းရဲတော်ပြတ်လွန်း၍ အိမ်နီးချင်းနိုင်ငံများသို့ သန်းနှင့်ချီ၍ ထွက်ခွါနေကြရ၊ ဖြစ်သလိုရပ်တည်နေကြ၊ အတိဒုက္ခမျိုးစုံရောက်နေကြရပြီ ဖြစ်သည်။

၄။ ယနေ့ မြန်မာပြည်ရှိလူမျိုးစုံပြည်သူများသည် နအဖစစ်အုပ်စု၏ ကျွန်လုံးလုံးဖြစ်နေရုံမက ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားတရပ်လုံးသည်လည်း လက်တဆုပ်စာစစ်အာဏာရှင်တို့၏ ကျွန်ဘဝသို့ လုံးလုံးကျရောက်နေပြီဖြစ်သည်။ စင်စစ်အားဖြင့် တပ်မှူး၊ တပ်သားအားလုံးသည် ပြည်သူတို့၏သားသမီးများသာဖြစ်သည်။ တပ်မှူး၊ တပ်သားအားလုံးနှင့်မိဘပြည်သူတရပ်လုံးသည် ကံတူအကျိုးပေးများသာ ဖြစ်ကြပါသည်။

၅။ နိဂုံးအနေဖြင့် တရက်တရက်အသက်ရှင်ရပ်တည်ရန် ထမင်းနပ်မှန်အောင်ပင် မစားကြရတော့သည့်ပြည်သူများသည် ယခုစည်းရုံးနိုးကြားတိုက်ပွဲဝင်လာနေပြီဖြစ်သည်။ ထို့ကြောင့် ဗမာ့တပ်မတော်မှ တပ်မှူး၊ တပ်သားအားလုံး လက်ရှိလူထုတိုက်ပွဲနှင့် ပြတ်ပြတ်သားသားပူးပေါင်းကြပြီး နအဖစစ်အာဏာရှင်အုပ်စု၏ အမိန့်မှန်သမျှကို လိုက်နာခြင်းမပြုကြတော့ရန်၊ နအဖစစ်အာဏာရှင်များနှင့် ပြတ်သားစွာလမ်းခွဲလိုက်ကြရန် အလေးအနက် နိုးဆော်လိုက်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

ဆက်သွယ်ရန် – ဦးမြင့်သိဏ်း – တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဖုန်း – ၀၈၇–၈၀၈–၃၅၅၂
– ဖဒိုမန်းရှာလားဖန်း – အတွင်းရေးမှူးအဖွဲ့ဝင် ဖုန်း – ၀၈၆–၂၁၆–၈၆၄၆